ကျောက်ထပ်ကျေးရွာ
လွေ့စဉ်ကျေးရွာအုပ်စု၊ မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
# ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျောက်ထပ်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့်
ရေးဆွဲပါသည်။)

ဩဂုတ်လ ၊ ၂၀၂၁

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင့်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား – မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

(ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) – ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျောက်ထပ်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်း ဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဩဂုတ်လ ၊ ၂၀၂၁ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်ထပ်ကျေးရွာ

မင်းလှမြို့နယ်

# <u>သယံဇာတပြမြေပုံ</u>



မကွေးတိုင်းဒေသကြီး-အထက်မင်းလှမြို့နယ်-လှေစဉ်အုပ်စု-ကျောက်ထပ်ကျေးရွာ-သယံဇာတပြမြေပုံ
အညွှန်း
ဘုန်းကြီးကျောင်း -
စာသင်ကျောင်း -
ဆန်စက် -
ယာမြေ -
လူနေအိမ် -
စေတီ -
လမ်း -
ပလပ်မြေ/ စားကျက်မြေ -
လယ်မြေ -
သုသာန် -
သစ်တော -
ချောင်း -
ဥယျာဉ်ခြံမြေ -

# ရာသီခွင်ပြ ပြက္ခဒိန်



# အဖွဲ့အစည်းများပြပုံ



၁။ အုပ်ချုပ်ရေး
၂။ လူငယ်
၃။ ရပ်မိရပ်ဖ
၄။ စာကြည့်တိုက်
၅။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
၆။ နွေရာသီပညာမြှင့်တင်ရေး
၇။ ဂေါပက
၈။ ကျောင်းအကျိုးဆောင်
၉။ လမ်းကော်မတီ
၁၀။ အရံမီးသတ်
၁၁။ သမအဖွဲ့

၅။ **<u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>**

ကျောက်ထပ်ကျေးရွာသည် လှေ့စဉ်အုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ (၅၃)မိုင် အကွာတွင် ရှိသည်။ ပုသိမ်-မုံရွာ လမ်းမကြီးအနောက်ဘက် (၂)မိုင်ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာ၏ မြေအနေအထားမှာ စတုရန်းပုံရှိပြီး ရွာ၏အနောက်ဘက်နှင့် တောင်ဘက်တွင် လယ်ကွင်းများရှိ၍ ရွာ၏အရှေ့မြောက်ဘက်တွင် ကိုင်းမြေများရှိပါသည်။ မိုးရာသီတွင် ကျေးရွာအတွင်းရှိ လမ်းများမှာ ရွှံ့ဗွက်များ ထူထပ်ခြင်းကြောင့် သွားလာရေးခက်ခဲပါသည်။ အဓိကထားရသောစိုက်ပျိုးသီးနှံများမှာ-စပါး၊မြေပဲ၊နှမ်းနှင့် ကုလားပဲ တို့ကို စိုက်ပျိုးပါသည်။ ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် နှစ်စဉ် ရာသီဥတုမမှန်၍ တောင်သူလယ်သမားများအတွက် အခက်အခဲကြုံတွေ့ရပါသည်။

ကျောက်ထပ်ကျေးရွာသည် စပါးအသင့်အတင့် ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ထွက်ရာဒေသဖြစ်ပါသည်။ ကျောက်ထပ်ကျေးရွာတွင် မိုးကောင်းလယ်များနှင့် ယာမြေ ၊ ကိုင်းမြေ များရှိပါသည်။ လယ်သမားများမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။ ထွန်ယက် စိုက်ပျိုးနိုင်သောဧကမှာ (၅၆၀.၃)ဧကရှိပြီး စပါးနှင့် နှမ်း ၊ ပဲမျိုးစုံ စိုက်ပျိုးကြသည်။ ကျေးရွာတွင် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများ ကျယ်ပြန့်စွာ တည်ရှိပါသည်။

၆။ **<u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>**

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

ကျောက်ထပ်ကျေးရွာသည် အိမ်ထောင်စုပေါင်း (၁၃၁)အိမ် ၊ ကျား (၂၇၆) ၊ မ (၂၆၀) ဦးဖြင့် လူဦးရေပေါင်း (၅၃၆)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃)ဦးနှုန်း ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အားလုံးမှာ ဗုဒ္ဓဘာသာ ဝင်များ ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာ ကျေးရွာလူဦးရေ၏ (၇၂.၇%)ခန့်ရှိပါသည်။အလုပ်လုပ်နိုင်သော လူငယ်များပေါ်များပြီး လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

( ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျောက်ထပ်ကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာပြည်သူလူထု သည် ယေဘုယျအားဖြင့် ဆင်းရဲ၊ ချမ်းသာမျှတမှုရှိပါသည်။ အိမ်ထောင်စု (၁၃၁)စု၏ (၃၀%)ခန့်သည် ဆင်းရဲ ပြီး (၇၀%)ခန့်မှာ ပြေလည်မှု ရှိပါသည်။

( ဂ)　**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ ၊ သက်ကြီးရွယ်အိုများ ၊ မုဆိုးဖို ၊ တစ်ခုလပ်များ ၊ အခြားဒေသသို့ အချိန်ကြာမြင့်စွာ သွားရောက်လုပ်ကိုင်သူများ ၊ အဆင်းရဲဆုံး တောင်သူများနှင့် မြေယာမဲ့လက်လုပ်လုပ်စားများ ဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်း ပိုင်ဆိုင်မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများဖြစ်ကြသည်။ ကျေးရွာရှိ ဆင်းရဲသောမိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန် ပြည်တွင်း/ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတွင် ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ ကူညီထောက်ပံ့မှု ၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းအိမ်ထောင်စုတို့၏ ထိခိုက်လွယ်မှုအခြေအနေမှာ ပုံမှန်အဆင့်သာ ရှိပါသည်။တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်သည့်အတွက် အများစုမှ စီးပွားရေးအသင့်အတင့်ရှိသော်လည်း သီးနှံထွက်နှုန်းနည်းပါးသည့်အတွက် ဝင်ငွေနည်းပါးကာ မိမိ၏ဝမ်းစာအတွက် ငွေချေးယူခြင်း နှင့် လုပ်အားခကြိုယူခြင်းနည်းများဖြင့် မိမိတို့၏ စားဝတ်နေရေးအခက်အခဲများကို ဖြေရှင်းကြရပါသည်။

(ဃ)　**ကျန်းမာရေးနှင့် အဟာရ**

ကျောက်ထပ်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ချင်းကုန်းကျန်းမာရေး ဆေးပေးခန်းအား မှီခိုနေရပါသည်။ ရာသီ အလိုက် ဖျားနာခြင်း ၊ အအေးမိတုပ်ကွေး ၊ ဆီးချို ၊ သွေးချို ၊ လေးဘက်နာ ၊ လေ ဖြတ် ရောဂါများ ၊ အသက်ရှူလမ်းကြောင်းမှ ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး၊ ဇွန်လနှင့် ဩဂုတ်လ မိုးရာသီတွင် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးများအဖြစ် များပါသည်။ ဆေးရုံမရှိပါ။မင်းလှမြို့နယ် ပြည်သူ့ဆေးရုံနှင့် (၅၃)မိုင်ခန့် ကွာဝေးပါသည်။

( င)　**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျောက်ထပ်ကျေးရွာတွင် အသက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်း ပညာရေးအဆင့် သာရှိပြီး ကျန်အများစုသည် အခြေခံ အရေး ၊ အဖတ် ၊ အတွက် ၊ အချက်တတ်မြောက် ကြသည်။ မူလတန်းအဆင့်ရှိသူ ကျား (၁၂၃) ဦး ၊ မ (၁၂၅)ဦးရှိပြီး ပေါင်း (၂၄၈)ဦး၊ အလယ်တန်းအဆင့် ရှိသူများ ကျား(၃၉)ဦး ၊ မ (၃၁)ဦး ၊ စုစုပေါင်း (၇၀)ဦး ၊ အထက် တန်းအဆင့်ရှိသူ ကျား(၁၆)ဦး ၊ မ (၅)ဦးရှိပြီး ပေါင်း(၂၁)ဦး ၊ တက္ကသိုလ်ကောလိပ် အဆင့်ရှိသူ ကျား(၁၀)ဦး ၊ မ (၁၁)ဦးရှိပြီး ပေါင်း(၂၁)ဦး ရှိပါသည်။

( စ) **ကျား – မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား–မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား–မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား–မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်းမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ ဥပမာအားဖြင့် – အလုပ်တစ်ခုတွင် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လျော့နည်းပြီး ရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား–မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

၇။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျောက်ထပ်ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်အဖွဲ့၊ ပရဟိတအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီအဖွဲ့၊စာကြည့်တိုက်အဖွဲ့၊ကျေးရွာသမအဖွဲ့စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အကြား ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေး သင်တန်း များကို ကျေးရွာသို့ လာရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

( ခ) **သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

ကျောက်ထပ်ကျေးရွာတွင် စပါး ၊ နှမ်း ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။ မိုးရေကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် တောင်သူ (၂၈၅)ဦးရှိ၍ လယ်ကေ(၂၁၄.၈)၊ယာမြေ(၂၇၂.၅)၊မြေလွတ်မြေရိုင်း (၁၄၇.၇၅) ရှိပြီး စုစုပေါင်းစိုက်ပျိုးဧကမှာ(၄၈၇.၃)ရှိပါသည်။ နှမ်း၊ပဲစဉ်းငုံ၊မြေပဲသီးနှံများအား ကဆုန်၊ နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးပါသည်။ ပဲကြီး၊ ကုလားပဲ၊ ဝါ၊ဆောင်းမြေပဲကို တော်သလင်းလတွင် စိုက်ပျိုးပါသည်။ နှစ်စဉ် ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက် နှုန်း လျော့ကြပါသည်။ ထွန်ယက်ရန် ထွန်စက် ပိုင်ရှင်များထံမှ ငှားရမ်းအသုံးပြုရပါ သည်။ ငွေကြေးမလုံလောက်၍ ချေးငွေယူ

လုပ်ကိုင်ကြရပါသည်။ လုပ်သားရှားပါး သောကြောင့် ငှားရမ်းလုပ်ကိုင်ရပါသည်။ နှမ်း၊စပါး၊ကုလားပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်မှု တွေ့ရပါသည်။ ယင်း ဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိသဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်းနိုင်သော နည်းစနစ်ကို လိုလားကြပါသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင် အသားစားကြက်များလည်း မွေးမြူကြပါသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးငွေယူရရှိပါ သည်။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ ချေးငှား၍ ရသော်လည်း အတိုးနှုန်းမြင့်မားပါသည်။ပိုးသတ်ဆေးနှင့်ဓါတ်မြေဩဇာများကို မင်းလှမြို့ပေါ်မှ လက်လီလက်ကားဝယ်ယူရပါသည်။

## ( ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျောက်ထပ်ကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ်ရှိပါသည်။ လက်ယက်ကန်း ၊ တနိုင်တပိုင်အပ်ချုပ်လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်းသည်။ မြေယာမဲ့ လက်လုပ် ၊ လက်စားများမှာ စိုက်ပျိုးရာသီ တွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေ မမှန် ခြင်းကြောင့် တစ်ချို့မှာ တနယ်တကျေးဖြစ်သော ပြည်တွင်း ၊ ပြည်ပသို့ အလုပ်လုပ် ကိုင်ကြရသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းများတစ်ရပ်ဖြစ်ကြသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး ၊ ပန်းထိုး ၊ ဆံပင်မိတ်ကပ်၊ အလှပြင်၊မုန့် လုပ်ငန်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊မိုဘိုင်း ဖုန်းပြုပြင်ခြင်း၊တွင်ကုန်၊ဝပ်ရှော့ စသည့် အသက်မွေး ဝမ်းကြောင်း သင်တန်းများနှင့် ရွာသားအများစုသည် အတွေ့ကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာ အရည်အချင်းပိုင်းတွင် အနည်းငယ် နိမ့်ကြပြီး သင်တန်းစရိတ် အကုန် အကျခံရန် နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ၍ ငွေကြေး အဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန် အကျခံကာ ပို့လွှတ်သင်ကြားနိုင်ကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျောက်ထပ်ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုး များ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှုများပြား သဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ စွန့်ပစ်ပစ္စည်းများ

စီမံခန့်ခွဲမှုတွင် လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင် ရွက်ပေးရန် လိုအပ်လျှက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီဥတု မမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာအနီး ပတ်ဝန်းကျင်တွင် ကျွန်း ၊ အင်ကြင်း၊ရှား၊ပိတောက်၊ဒဟတ်၊သပြေ၊ဇီး စသည့်ဆူးခြုံတောအပင်များရှိပါသည်။ကျေးရွာပတ်ဝန်းကျင်ရှိတောတောင်မြေများ၊ သစ်ပင်သစ်တောများကို စိုက်ပျိုးရန် စနစ်ကျသောစီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တော၊တောင်၊ရေမြေနှင့် သဘာဝပတ်ဝန်းကျင်ကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာ ရောစေပါမည်။

## ( င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျောက်ထပ်ကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်လအတိုးနှုန်းအားတစ်ကေ တစ်သိန်းခွဲကျပ်နှုန်းဖြင့်အများဆုံး (၁၀)ကေအတွက် ချေးယူနိုင်ကြသည်။စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် အခြားချေးငွေရရှိနိုင်မှု မရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ကျေးရွာရှိ ငွေတိုးချေးငှားသူများထံမှ အတိုးနှုန်း ၁၀%နှုန်းဖြင့် ချေးယူကြရသည်။ကျေးရွာသားများသည် ချေးငွေများကို အကြောင်းအရင်းမျိုးစုံ၊ရိက္ခာ၊ကျန်းမာရေး၊ပညာရေးတို့အတွက် ချေးငွေယူကြရသဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။

## ( စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျောက်ထပ်ကျေးရွာတွင် ပညာရေးအနေဖြင့် အလယ်တန်းအဆင့်ရှိ ပြီးသွပ်မိုး ၊ အုတ်ထရံအဆောင် (၂)ဆောင်ရှိပါသည်။ထိုကျောင်းဝန်းအတွင်းတွင် ဝန်ထမ်းဆောင်(၂)ဆောင်ရှိပါသည်။ သို့သော်လည်း ဝန်ထမ်းအင်အား လုံလောက်မှု မရှိပါ။ကျောင်းတွင်လည်း အလယ်တန်းဆောင်မှာမျက်နှာကျက်နှင့် သမံတလင်းခင်းရန်လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။ထို့အပြင် ကျောင်းပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ အပြည့်အစုံမရှိသေးပါ။ကျောင်းသားဦးရေနှင့်ဆရာ/ဆရာမဦးရေအချိုးမှာ ၄၀:၁ရှိခြင်းကြောင့် အတန်းလိုက်အားဖြင့် ဆရာ/ဆရာမ

လုံလောက်မှုမရှိပါ။ ကျောင်းသားစုစုပေါင်းမှာ(၇၀)ကျော်ခန့်ရှိပြီး အခြားရွာမှ လာရောက်ပညာသင်ကြားနေသော ကျောင်းသားများလည်းရှိပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးစံကိုက်ဆေးပေးခန်း မရှိပါ။ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် အရန်သားဖွား ဆရာမကိုသာ အားကိုးနေရပါသည်။ ကျေးရွာမှ မင်းလှသို့ (၅၃)မိုင်ကျော် ကွာဝေးသော မင်းလှပြည်သူ့ဆေးရုံသို့ သွားရောက် ကုသရာတွင် အရေးပေါ်လူနာများ၏ အသက်အာမခံချက်မှာ များစွာ အားနည်းပါသည်။ သွေးတိုးရောဂါဖြစ်နှုန်းများပြီး ၊မြွေအန္တရာယ်ပေါများသည့် ကျေးရွာတွင် ကျန်းမာရေးလုပ်သားရှိသော်လည်း ကျန်းမားရေးစောင့်ရှောက်မှု ၊ထိရောက်မှုနည်းပါးသည့်အတွက် သွေးလွန်တုပ်ကွေး၊ငှက်ဖျားရောဂါတို့ဖြင့်သေဆုံးနှုန်းမြင့်မားကြောင်းတွေ့ရှိရပါသည်။ထို့ကြောင့် စနစ်တကျ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သော ကျန်းမာရေးဆရာမများလိုအပ်သည့်အပြင် ကျေးလက်ကျန်းမာရေးစံကိုက်ဆေးပေးခန်းကိုလည်း ချထား ပေးစေ လိုပါသည်။

ကျေးရွာသူ/ကျေးရွာသားများသည် တစ်နှစ်ပတ်လုံး ချောင်းရေကိုသာ မှီခိုအားထားနေရပါသည်။သောက်သုံးရေအတွက် လက်ယက်တွင်းများကို အသုံးပြုနေရသော်လည်း သန့်ရှင်းမှု အားနည်းသည်ကို တွေ့ရှိရပါသည်။ မိုးရာသီတွင် သောက်သုံးရေရရှိရေးအတွက်ချောင်းရေကြီးမှုကြောင့်အခက်အခဲရှိပါသည်။ထို့ကြောင့် သောက်သုံး ရေရှိရေးအတွက် မိုးရေလှောင်ကန် တည်ဆောက်ပေးစေလိုပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ ၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက် ၊ စာပေဟောပြောပွဲများ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ဘောလုံးကန်၊ခြင်းခတ်၊ဘောလီဘောကစားခြင်း၊ကစားကွင်းရှိသော်လည်း ကျွမ်းကျင်မှုမရှိသည့်အတွက် အားကစားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးစေလိုပါသည်။

## (ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု

ကျောက်ထပ်ကျေးရွာတွင် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်း ကာလတွင် မော်တော်ဆိုင်ကယ် ၊ ကား ၊ လှည်း ၊ နွားများကို အသုံးပြုသောကြောင့် ရွှံ့ဗွက်များဖြင့် မကောင်းပါ။ ကျောက်ထပ်ကျေးရွာမှ ပုသိမ်-မုံရွာလမ်းမကြီးပေါ်သို့ သွားလာရာတွင် မြေနီကျောက်စရစ်ခင်းလမ်းကိုသာ အသုံးပြုပါသည်။ကျောက်ထပ်ကျေးရွာမှ မင်းလှသို့ ဆိုင်ကယ်၊ကားများကိုသာ အသုံးပြုပါသည်။

ကျောက်ထပ်ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသည့်အတွက် လျှပ်စစ် ဓါတ်အားသုံးစွဲနိုင်မှု မရှိပါ။ နိုင်ငံတော်၏ စီမံခန့်ခွဲမှုဖြင့် ရရှိသော ဆိုလာပြားများကို သုံးစွဲနေကြရသည်။သို့သော်လည်း အဆင်ပြေသော မိသားစုများ သည် ဆိုလာပြားများ ဝယ်ယူသုံးစွဲနိုင်သော်လည်း အဆင်မပြေသော မိသားစုများမှာ မီးသုံးစွဲနိုင်မှုမရှိသေး သည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာအတွင်းတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်း အချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံးအတိုင်းအတာ ဖြင့် တယ်လီဖုန်း ၊ သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ ရှိရပါသည်။

ကျောက်ထပ်ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ် အေးချမ်းစွာ ရှိပါသည်။ ကျေးရွာတွင် မှုခင်းများမရှိသလောက် နည်းပါးပြီး သဘာဝ ဘေးအန္တရာယ်ကင်းဝေးရေးနှင့် ပတ်သက်၍ နေ့စဉ်မီးကင်းလှည့်ခြင်း၊ မီးသုံးစွဲချိန် နှင့် မီးငြိမ်းသတ်ချိန်များကို စနစ်တကျ ဆောင်ရွက်ထားရှိသည်ကို တွေ့ရပါ သည်။ သို့သော်လည်း မီးဆိုသည်မှာ တစ်ကယ်တွေ့ကြုံလျှင် မလွယ်ကူသောကြောင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ သင်တန်းများ ပေးစေလိုပါသည်။

## ( ဇ ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရ မည့် အဟန့်အတားများ

### (၁) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျောက်ထပ်ကျေးရွာရှိ လူဦးရေ၏ ၇၀% မှာ အလုပ်လုပ်နိုင်သည့် အရွယ် များဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက် နည်းပါးပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုး တက်ကောင်း မွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေး အခြေ အနေမှာ ယေဘုယျအား ဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများ အတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသ နိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်းများမှာ လက်ရှိ ပညာရေးအနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။

ကျောက်ထပ်ကျေးရွာတွင် စားကျက်မြေ(၁၁၈)ဧက၊ မြေလွတ်မြေရိုင်း မြေလတ်(၁၄၇.၇၅)ဧကရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်၊ယာ၊ဥယျာဉ်၊ကိုင်း၊ကျွန်းမြေများ သည် မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူပို့ဆောင်နိုင်သည်။လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တစ်ပိုင်တစ်နိုင် စီးပွားဖြစ် နွားများကို လည်း မွေးမြူကြသည်။ ကြက်များကိုလည်း ဟင်းစားအဖြစ်သာ မွေးမြူကြ သည်။ မွေးမြူရေးအတွက် အလားအလာကောင်းများရှိသော်လည်း ကျွမ်းကျင် မှုရှိစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာ သင်တန်းများ ဖွင့်လှစ်ရန်လိုအပ်ပါသည်။

## (၂) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျောက်ထပ်ကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုး မှု ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှု အားနည်းသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊စပါး၊ ကုလားပဲ ၊မြေပဲ၊ ပဲစဉ်းငုံများ စိုက်ပျိုး သော်လည်း နှစ်စဉ်ရာသီဥတု ဖောက် ပြန်မှု၊ မြေဆီလွှာပျက်စီးမှု၊ ခန်းခြောက်မှု၊ စိုက်ပျိုးနည်းစနစ်မကျမှု၊ ကုန်ထုတ် လုပ်ငန်းသွင်းအားစု အားနည်းမှု တို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်း လျှက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန် အတွက် ငွေကြေးလုံလောက်မှု မရှိသောကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရ သည်။ လုပ်သားရှားပါးမှုများ လည်း တွေ့ရသည်။ နှမ်း၊စပါး၊ကုလားပဲသီးနှံ များတွင် ဖျက်ပိုးများ ကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ် ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်း သည့် နည်းစနစ်ကို လိုလားကြသည်။စိုက်ပျိုးရေးစရိတ် အတွက် ပုံစံ(၇)ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူအများအနေဖြင့် အတိုးကြီးစွာ ချေးယူနေရသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစု များအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင် သော အစီအစဉ်မရှိသေး

ပါ။ တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက်အပံ့များ ရရှိရန် လိုအပ်လျှက်ရှိသည်။

ကျေးရွာအတွင်းမှာ ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာနှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျှက်ရှိပါသည်။

# မင်းလှမြို့နယ် ကျောက်ထပ်ကျေးရွာအုပ်စု ၊ ကျောက်ထပ်ကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | -ရွာတွင်းလမ်း များ | - မြေသားလမ်းဖြစ်နေခြင်း | -သဲကျောက်စရစ်များအ | | လမ်းကော်မတီဖွဲ့စည်း၍ | -ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း |
| | မကောင်းခြင်း | - ရွှံ့ဗွက်များထူနေခြင်း | လွယ်တကူရရှိနိုင်ခြင်း | | ကျေးလက်ဦးစီးဌာန ၊ကျေး | - ရွာတွင်းလမ်းများမြေ |
| | | - မြေစီးများဖြစ်နေပြီး မိုး | - ကျေးရွာလူထုမှလုပ် | | လက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | နီကျောက်စရစ်ခင်းခြင်း |
| | | ရာသီတွင် သွားလာရ | အားနှင့်ငွေကြေးထည့် | - | များနှင့်ချိတ်ဆက်ဆောင်ရွက် | -ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း |
| | | ခက်ခဲခြင်း | ဝင်နိုင်ခြင်း | | ခြင်း | |
| | | | | | - ရွာတွင်းလမ်းများမြေ | |
| | | | | | နီကျောက်စရစ်ခင်းခြင်း | |
| | | | | | | |
| | -လျှပ်စစ်မီး မရရှိခြင်း | - မြို့နှင့်အလှမ်းကွာဝေးခြင်း | - | ငွေကြေးမတတ်နိုင်ခြင်း | - မီးလင်းရေးကော်မတီ | လျှပ်စစ်မီးသွယ်တန်းခြင်း |
| | | - မဟာဓာတ်အားလိုင်း | | | ဖွဲ့စည်း၍ လျှပ်စစ်ဦးစီး | |
| | | နှင့်ဝေးကွာခြင်း | | | ဌာနနှင့် ချိတ်ဆက် | |
| | | | | | ဆောင်ရွက်ခြင်း | |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | နွေရာသီတွင်သောက် | -နွေရာသီတွင်သောက်သုံး | -ကျေးရွာတွင်ရေကြည် | - ငွေကြေးမတတ်နိုင် | -ကျေးလက်ဦးစီးဌာန | -အိမ်တိုင်ရေသွယ်စနစ် |
| | သုံးရေအလွယ်တကူ | ရေသယ်ယူခြင်းအတွက် | ချောင်းရှိခြင်း | | နှင့်ချိတ်ဆက်၍ အိမ် | ဆောင်ရွက်ခြင်း |
| | မရရှိခြင်း | အခက်အခဲရှိခြင်း | - ရေစုကန်တည် ဆောက် | | တိုင်ရေသွယ်စနစ် | |
| | | | မည့်မြေနေရာရှိခြင်း | | ဆောင်ရွက်ခြင်း | |
| | | | -လုပ်အားထည့်ဝင်နိုင် ခြင်း | | | |
| ၃ | **စိုက်ပျိုးရေးနှင့်မွေးမြူရေး** | | | | | |
| | သီးနှံအထွက်နှုန်းမ | -ရာသီဥတုမမှန်ခြင်း | -စိုက်ပျိုးမြေကေပေါ်များ | -ပုံစံ(၇) ရှိသော်လည်း | -လယ်/ဆည် ဌာနနှင့် | -တောင်သူအသိပညာ |
| | ကောင်းခြင်း | -စိုက်ပျိုးရေလုံလောက်မှု | ခြင်း | စိုက်ပျိုးရေးချေးငွေလုံ | ချိတ်ဆက်ဆောင်ရွက် | ပေးဟောပြောပွဲများ |
| | | မရှိခြင်း | -နည်းပညာ အထောက် | လောက်စွာမရရှိခြင်း | ခြင်း | ကျင်းပခြင်း |
| | | - စိုက်ပျိုးရေးစရိတ်ကြီး | အပံ့များပေးပါက | -ဆင်းရဲသောတောင် | | - မျိုးစေ့ဘဏ်တည် |
| | | မြင့်ခြင်း | တောင်သူများဘက်မှ | သူငယ်များတွင် ပုံစံ | | ထောင်ခြင်း |
| | | - စိုက်ပျိုးရေး ချေးငွေမလုံ | စိတ်ဝင်စားခြင်း | (၇)မရှိခြင်း | | -ဆည်ပြုပြင်ခြင်း |
| | | လောက်ခြင်း | - ရွာနှင့် (၁) မိုင်ခန့် | - တောင်သူများအသိ | | |
| | | -မျိုးကောင်းမျိုးသန့် ဈေး | အကွာတွင်ရေချောင်း | ပညာ ဗဟုသုတအား | | |
| | | နှုန်းကြီးမြင့်ခြင်း | ရှိခြင်း | နည်းခြင်း | | |
| | | - လက်ရှိဆည်ပျက်စီးနေ | | - ကွင်းဆင်းဝန်ထမ်းလာ | | |
| | | ခြင်း | | ရောက်မှုအားနည်းခြင်း | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | **ပညာရေး** | | | | | |
| | ကျောင်းအဆောက်အဦ | -ကျောင်းသားဦးရေ တိုး | -စာသင်ဆောင်ဆောက် | -ငွေကြေးမတတ်နိုင် | -ပညာရေးဌာနအားလို | -စာသင်ကျောင်းဆောင် |
| | မလုံလောက်ခြင်း | ပွားလာခြင်း | လုပ်ရန်မြေနေရာရှိခြင်း | ခြင်း | အပ်ချက်များတောင်းခံခြင်း | သစ်ဆောက်လုပ်ခြင်း |
| ၅ | **ကျန်းမာရေး** | | | | | |
| | ရုတ်တရက်ဖြစ်ပေါ်လာ | -မြို့နှင့်အလှမ်းကွာဝေးခြင်း | -ဆေးပေးခန်းတည် | - ဆင်းရဲသောမိသား | -ကျန်းမာရေးဆိုင်ရာ | -ကျန်းမာရေးဆေးပေး |
| | သည့် ကျန်းမာရေးကိစ္စ | -ကျေးရွာအနီးတွင် အရေး | ဆောက်ရန်မြေနေရာရှိ | စုများအတွက် မြို့သို့ | အဆောက်အဦပစ္စည်း | ခန်းတင်ပြတောင်းခံ |
| | များအတွက်အခက်အခဲ | ပေါ်ကုသရန်တိုက်နယ် | ခြင်း | သွားရောက်ကုသရန် | ကိရိယာများပြည့်စုံစွာ | ခြင်း |
| | ရှိခြင်း | ဆေးရုံမရှိခြင်း | | အခက်အခဲရှိခြင်း | ဖြည့်ဆည်းခြင်း | |
| | | -မြို့ရွာကြားတွင် ရေကျော် | | - နေ့စဉ် မြို့ပေါ်သို့ | | |
| | | များဖြတ်သန်းနေရခြင်း | | သွားရောက်ကုသနေ | | |
| | | ကြောင့် မိုးရာသီတွင်သွား | | ခြင်း | | |
| | | လာရခက်ခဲခြင်း | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | **လူငယ်နှင့်ဖွံ့ဖြိုးရေး** | | | | | |
| | အလုပ်အကိုင်အခွင့်အ | -ဒေသတွင်ဝင်ငွေရ လုပ် | -သင်တန်းဖွင့်လှစ်မည့် | -သင်တန်းဖွင့်လှစ်ရန် | -ကျေးလက်ဦးစီး | -အသက်မွေးဝမ်းကျောင်း |
| | လမ်းရှားပါးခြင်း | ငန်းများမရှိခြင်း | နေရာရှိခြင်း | ချိတ်ဆက်ရမည့် | ဌာနနှင့်ချိတ်ဆက်ခြင်း | အထောက်အကူပြု |
| | | - မြို့နှင့်အလှမ်းကွာဝေး | -လူငယ်များမှစိတ်အား | နေရာမသိခြင်း | | သင်တန်းများဖွင့်လှစ် |
| | | ခြင်း | ထက်သန်မှုရှိခြင်း | | | ခြင်း |
| | | - ပုံမှန်ဝင်ငွေရလုပ်ငန်း | | | | |
| | | မရှိခြင်း | | | | |
| | | - လက်မှုပညာမတတ်ခြင်း | | | | |
| | **လူငယ်နှင့်ဖွံ့ဖြိုးရေး** | | | | | |
| | အသိပညာဗဟုသုတ | -ဖတ်စရာစာအုပ်စာနယ် | -မြေနေရာရှိခြင်း | -ငွေကြေးမရှိခြင်း | -ပြန်ဆက်ဦးစီးဌာနနှင့် | - စာကြည့်တိုက်ဆောက် |
| | နည်းပါးခြင်း | ဇင်းသတင်းစာမရှိခြင်း | | -မြို့နယ်ပြန်ဆက်ဦးစီး | ချိတ်ဆက်ခြင်း၊အလှူရှင် | လုပ်ခြင်း |
| | | -စာဖတ်သည့်အလေ့အထ | | ဌာနနှင့်ချိတ်ဆက် | များရှာဖွေခြင်း ရန်ပုံငွေ | |
| | | မရှိခြင်း | | ဆောင်ရွက်ခြင်း | များထူထောင်ခြင်း | |
| | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၇ | ၂၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၁၈ | ၃၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၇ | ၁၄ | ၄၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၇ | ၁၉၃ | ၃၉၀ | ၁ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၈ | ၄၇ | | |
| စုစုပေါင်း | | ၂၇၆ | ၂၆၀ | ၅၃၆ | ၁ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၃၁ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျောက်ထပ်ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၃၁)စုရှိပြီး ကျား(၂၇၆)ဦး၊မ (၂၆၀)ဦး စုစုပေါင်း (၅၃၆) ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄)ဦးနှုန်း ရှိကြောင်း တွေ့ရပါသည်။ လယ်၊ယာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဝင်ငွေနည်းပါးသည့်အတွက် ပြည်ပနိုင်ငံများနှင့်ပြည်တွင်းရွှေ့ပြောင်းလုပ်သားပေါများသည်။ကျေးရွာသူ/ကျေးရွာသားအများစုမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်းတွေ့ရှိရသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကို ေချာစွာဖတ်ပြ ြီးမှန်ရာတစ်ခုကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂၂ | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြ ြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၈ | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | | | | ၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | | | | ၃ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၄ | | ၂ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | | | ၃ | ၇ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်“**မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –“**စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** တောင်သူများဖြစ်ကြသည့်အတွက် ရာသီပေါ်သီးနှံရှိမှသာ ဝင်ငွေရရှိသဖြင့် လက်သမား၊ပန်းရံများသည် နေ့တွက်စရိတ် ပိုမိုမြင့်မားသည်ကို တွေ့ရှိရသည်။ကျေးရွာတွင်းရှိ ရွာသူ/ရွာသား များသည် ပြည်တွင်း/ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်သွားလာကြသည့်အတွက် ဝင်ငွေအလယ်အလတ်ရှိပြီး ဝန်ထမ်းများလည်းရှိသည်ကိုတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ အများစုမှာတောင်သူများဖြစ်ကြသည့်အတွက် သီးနှံစိုက်ပျိုးမှုမှရရှိသောဝင်ငွေများဖြင့် လုပ်အားခကိုပေးချေကြပြီး ဆောက်လုပ်ရေးသမားများ၏ ပျှမ်းမျှဝင်ငွေမှာ တစ်နေ့လျှင် (၇၅၀၀)နှုန်းရှိကြောင်း တွေ့ရသည်။အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြသူများ၏ ဝင်ငွေကို ခန့်မှန်းတွက်ချက်ရန် မလွယ်ကူကြောင်း တွေ့ရှိရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၁၄.၈ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၇၂.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅.၂၅ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၇၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၁၁၈ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၁၄၇.၇၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စုစုပေါင်း | ၈၃၁.၃ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေပိုင်ဆိုင်မှုအထောက်အထားပုံစံ(၇)များလိုအပ်သည်ကို တွေ့ရှိရသည်။လက်ရှိလုပ်ကိုင်နေကြသော မြေအများစုမှာ မိဘ/ဘိုးဘွား များလုပ်ကိုင်နေသော မြေယာများ ကို လုပ်ကိုင်နေကြခြင်းဖြစ်သည်။ရွှေ့ပြောင်းသွားလာလုပ်ကိုင်ကြသူများသည့်အတွက် မြေလွတ်များ များလာသည်။ထို့ကြောင့် ပုံစံ(၇)များထုတ်ပေးစေလိုပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☑ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ | များ ☐ သင့် ☑ နည်း | လွယ် ☑ ခက် ☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | ☐ မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
